မိတ်ဆက် - ကျောင်းကြိုကြင်းလှည့် - PickUp Patrol
မင်္ဂလာပါ Bridge Boston မိသားစုများ။
Bridge Boston တွင် ဖေဖော်ဝါရီ ၂၆ မှစ၍ PickUp Patrol သုံးမည်ဖြစ်သောကြောင့် မိသားစုများအနေနှင့် ကျောင်းဆင်းချိန်အပြောင်းအလဲများအကြောင်း Bridge နှင့် အဆက်အသွယ်ရှိပါမည်။ ကျောင်းဆင်းချိန်အပြောင်းအလဲအတွက် မိသားစုများက ဧည့်ကြိုဌာနသို့ ဖုန်းဆက်ရန်မလိုတော့ပါ။ အပြောင်းအလဲအားလုံးကို PickUp Patrol မှတစ်ဆင့် ဆောင်ရွက်ပါမည်။

ဘာဖြစ်နေသလဲ။
- မိသားစုအားလုံးသည် PickUp Patrol ထံမှ အီးမေး(လ်)များ ရထားပြီးဖြစ်ပါမည်။ အီးမေး(လ်)မရသေးလျှင် Mr. T ကို ဆက်သွယ်ပါ။
- ဤအီးမေး(လ်)တွင် အကောင့်ဖွင့်နည်း သင်ပေးပါမည်။ အီးမေး(လ်)ရှိ လင့်တစ်ခုစီသည် အီးမေး(လ်)တစ်ခုစီအတွက် သီးခြားဖြစ်သည်။
- အီးမေး(လ်)တွင်ပါသော လင့်ကို ၄၈ သာ သက်တမ်းရှိသည်။ ၄၈ နာရီအတွင်း အကောင့်မဖွင့်ပါက အခြားလင့်ကို အီးမေး(လ်)ပို့ပေးရန် တောင်းဆိုနိုင်သည်။

PickUp Patrol သုံးနည်း
- ကျောင်းသား၏ ပင်တိုင်ကျောင်းဆင်းချိန်အစီအစဉ်ကို သုံးသပ်ပါ။
- သင့်ဖုန်းနှင့် ကွန်ပျူတာတွင် PickUp Patrol ကို ရှောကတ်လုပ်ထားပါ။ သတိပြုရန် - PickUp Patrol သည် အက်(ပ်)တစ်ခုမဟုတ်ပါ။ ဝက်ဘဆိုက်သာဖြစ်သည်။ ဝက်ဘဆိုက်ဘုတ်မတ်လုပ်ထားနည်းလမ်းညွှန်ကို ကြည့်ပါ။
- သင့်ကလေးသည် အခြားလမ်းမှ အိမ်ပြန်ပါက PickUp Patrol မှတစ်ဆင့် ကျွန်ုပ်တို့ကို အသိပေးပါ။ ဥပမာ - ကျောင်းသားသည် ချိန်းထားသည်ရှိ၍ စောပြန်ခြင်း၊ အားကစားအတွက် နောက်ကျကျန်ခြင်း သို့မဟုတ် မိတ်ဆွေတစ်ဦးမှ ကျောင်းကြိုခြင်း။
- တနင်္လာ၊ အင်္ဂါ၊ ကြာသပတေးနှင့် သောကြာနေ့များတွင် နေ့လယ် ၂း၃၀ ကျော်လျှင် အပြောင်းအလဲလုပ်မရပါ။ ဗုဒ္ဓဟူးနေ့တွင် နံနက် ၁၀း၃၀ ကျော်လျှင် အပြောင်းအလဲလုပ်မရပါ။

မေးခွန်းများရှိပါသလား ။
Bridge ဝက်ဘဆိုက်တွင် အသုံးပြုနည်းလမ်းညွှန်နှင့် မေးလေ့ရှိသောမေးခွန်းများကို ကြည့်ပါ။ BBCS ဝက်ဘဆိုက်ကိုကြည့်ပါ။

ဘာပြဿနာရှိဖူးသလဲ။
- သင့်ကလေး၏ ကျောင်းဆင်းချိန်အစီအစဉ်ကို ပြောင်းရန်လိုဖူးသလား။ ၎င်းအပြောင်းအလဲများအတွက် ကျောင်းရုံးခန်းကို ဆက်သွယ်ရာတွင် အခက်အခဲရှိဖူးသလား။
- ကလေးအတွက် ကျောင်းမှအိမ်သို့ ဘေးကင်းစွာရောက်ရှိရေးသည် လူတိုင်းအတွက် ထိပ်တန်းဦးစားပေးဖြစ်ကြောင်း ကျွန်ုပ်တို့ သိရှိပါသည်။ အစီအစဉ်အပြောင်းအလဲများ သို့မဟုတ် တစ်စုံတစ်ယောက်ကို ဖုန်းခေါရခြင်းများ၏ အခက်အခဲကို ကျွန်ုပ်တို့ နားလည်ပါသည်။

ဖြေရှင်းနည်းက ဘာလဲ။
- Bridge သည် ကျွန်ုပ်တို့ကွန်မြူနတီမှ တုံ့ပြန်အကြံပြုမှုများကို နားထောင်ပါသည်။ ကျွန်ုပ်တို့သည် လူတိုင်းအတွက် ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးကို လွယ်ကူစေလိုပါသည်။
- Pickup Patrol ဖြင့် မိသားစုနှင့် Bridge ဝန်ထမ်းများအကြား ချောမွေ့စွာ ဆက်သွယ်နိုင်သည်။

- Pickup Patrol တွင် ည့ဉ်ကြိုဧည့ခံနေအား ကျောင်းဆင်းချိန်အစီအစဉ်များကို ဆရာများနှင့်အတူ စုစည်းဆောင်ရွက်ခွင့်ပေးသည်။
- Pickup Patrol သည် ကျောင်းသားများ၏ ဘေးကင်းရေးနှင့် ရောက်ရန်လိုသော နေရာသို့ ရောက်ရှိရေးကို အာမခံသည်။

အကူအညီလိုသလား။

- BBCS ဝန်ထမ်းများက လူကိုယ်တိုင်၊ ဖုန်း၊ အီးမေး(လ်)တို့နှင့် ကူညီနိုင်ပါသည်။
- Mr. T အား 435 Warren St. in Roxbury တွင် ဖေဖဝါရီ ကျောင်းပိတ်ရက် - ဖေဖဝါရီ ၁၉ - ၂၃ အတွင်း နံနက် ၈ - ညနေ ၃ အတွင်း ဆက်သွယ်နိုင်သည်။

ကူညီမှုနှင့် ပံ့ပိုးမှုအတွက် ကျေးဇူးတင်ပါသည်။ ကျွန်ုပ်တို့၏ ကျောင်းသားများဘေးကင်းရေးအတွက် ပံ့ပိုးဆောင်ရွက်သော မိသားစုများကို BBCS က ကျေးဇူးတင်ပါသည်။
စစ်မှန်စွာဖြင့်
BBCS အလုပ်မှုဆောင်အဖွဲ့

Bridge အကြောင်း ပိုမိုသိလိုပါက ကျွန်ုပ်တို့၏ ဝက်ဘဆိုက်သို့သွားပါ။ လူမှုကွန်ရက်တွင် ကျွန်ုပ်တို့ကို ဖော်လိုလုပ်ပေးပါ။